# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## အီကွေဒေါသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအကြောင်းလေ့လာတင်ပြခြင်း


ပြုစုတင်ပြသူ

ဒေါက်တာကြည်ကြည်ခင်
ဒုတိယညွှန်ကြားရေးမှူး
တရားစီရင်ရေးဌာနခွဲ

ဒေါ်လှဆန်းဝင်း
ဒုတိယဦးစီးမှူး
ဥပဒေဌာနခွဲ



၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ၁၀ ရက်

# အီကွေဒေါ သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း လေ့လာတင်ပြခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၂ |
| ၁။ | ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပုံ | ၂ |
| ၂။ | အာဏာခွဲဝေကျင့်သုံးခြင်း | ၃ |
| | (က) ဥပဒေပြုရေး | ၃ |
| | (ခ) အုပ်ချုပ်ရေး | ၅ |
| | (ဂ) တရားစီရင်ရေး | ၈ |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး | ၈ |
| ၄။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဖွဲ့စည်းခြင်း | ၉ |
| ၅။ | တရားသူကြီး၏ အရည်အချင်း | ၉ |
| ၆။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ စီရင်ပိုင်ခွင့် | ၁၁ |
| ၇။ | တရားရုံးတရားသူကြီး၏ ရာထူးနေရာ လစ်လပ်ခြင်း | ၁၂ |
| ၈။ | တရားသူကြီးများ စုံညီခုံအဖွဲ့ | ၁၃ |
| ၉။ | တရားသူကြီးများ စုံညီခုံအဖွဲ့၏ လုပ်ငန်းတာဝန်များ | ၁၄ |
| ၁၀။ | တရားရုံး၏ ဆုံးဖြတ်ချက်အကျိုးသက်ရောက်မှု | ၁၅ |
| | နိဂုံး | ၁၅ |

# အီကွေဒေါသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအကြောင်း လေ့လာတင်ပြခြင်း

## နိဒါန်း

၁။ အီကွေဒေါသမ္မတနိုင်ငံသည် တောင်အမေရိကတိုက်၏ အနောက်ဖက်ကမ်းခြေတွင်တည်ရှိပြီး မြောက်ဘက်၌ ကိုလံဘီယာနိုင်ငံ၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် ပီရူးနိုင်ငံ၊ အနောက်ဘက်တွင် ပစိဖိတ်သမုဒ္ဒရာတို့က ဝန်းရံထားသည်။ နိုင်ငံကို အီကွေတာမျဉ်းက ဖြတ်သွားသဖြင့် စပိန်လူမျိုးတို့က ထိုအမည်ပေးထားခဲ့ခြင်းဖြစ်သည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၂၈၃၆၀၀ ခန့်ရှိပြီး လူဦးရေ ၁၈ သန်းကျော်ရှိသည်။ အကျယ်အဝန်းအားဖြင့် နှိုင်းဆလျှင် မြန်မာနိုင်ငံသည် ၂ဆကျော်ခန့် ကြီးမားသည်။ နိုင်ငံ၏ မြို့တော်မှာ ကွီတို (Quito) မြို့ဖြစ်သည်။ နိုင်ငံတော်ကို စီရင်စုပေါင်း(province) ၂၄ ခု ခွဲခြားထားပြီး ယင်းစီရင်စုများကို ခရိုင် (carton) များဖြင့် ထပ်မံခွဲခြားထားသည်။ အီကွေဒေါနိုင်ငံသည် ဥရောပ ဥပဒေစနစ်(the civil law system) ကို ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံ၏ အစိုးရအုပ်ချုပ်မှုပုံစံမှာ တစ်ပြည်ထောင်စနစ် (unitary state) ကိုကျင့်သုံးသည့် ပုံစံဖြစ်သော်လည်း ဗဟိုချုပ်ကိုင်မှုလျော့ချထားသော တစ်ပြည်ထောင်စနစ်ကျင့်သုံးသော နိုင်ငံဖြစ်သည်။ နိုင်ငံ၏ တရားဝင် ရုံးသုံးဘာသာစကားမှာ စပိန် ဘာသာစကားဖြစ်သည့်အပြင် Kichwa and Shuar ဖြစ်သည့် အခြားဘာသာစကားများကိုလည်း ယဉ်ကျေးမှုဆိုင်ရာ ဘာသာစကားအဖြစ် တရားဝင်အသိအမှတ်ပြုထားသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ

၂။ ၁၅၃၃ ခုနှစ်တွင် စပိန်စစ်တပ်တို့က အီကွေဒေါနိုင်ငံကို တိုက်ခိုက်သိမ်းယူလိုက်သောအခါ ထိုနယ်မြေသည် တောင်အမေရိကတိုက်တွင် စပိန်တို့၏ အရေးပါသော ပိုက်နက်နယ်မြေ ဖြစ်လာခဲ့သည်။ ၁၈၀၉ ခုနှစ်မှ ၁၈၂၂ ခုနှစ်များအတွင်း အီကွေဒေါ ပြည်သူများက စပိန်လူမျိုးများ၏ အုပ်ချုပ်မှုမှ လွတ်မြောက်နိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ၁၈၂၂ ခုနှစ်တွင် ပထမဦးစွာ အီကွေဒေါနိုင်ငံသည် ဗနီဇွဲလားနိုင်ငံ၊ ကိုလံဗီယာနိုင်ငံတို့နှင့် ပူးပေါင်း၍ လွတ်လပ်ရေးရရှိရန် ကြိုးပမ်း ဆောင်ရွက်ခဲ့ပြီး မဟာကိုလံဗီယာနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းဖြစ်လာခဲ့သည်။ ထို့နောက် ၁၈၃၀ ပြည့်နှစ်တွင် အီကွေဒေါနိုင်ငံသည် မဟာကိုလံဘီယာအဖွဲ့မှ လွတ်လပ်ရေးရရှိခဲ့ပြီး ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲ၍ သမ္မတနိုင်ငံတည်ထောင်ခဲ့သည်။ ၁၃၈၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေများစွာကို အတည်ပြုပြဋ္ဌာန်းခဲ့ကြသည်။ ယခုကျင့်သုံးလျက်ရှိသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၉၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အစားထိုး ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်ပြုလွှတ်တော်က ယခင် အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းကြောင်း ကြေညာချက်ထုတ်ပြန်ပြီးနောက် နိုင်ငံတော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ

ကို ချက်ချင်းရယူ ဆောင်ရွက်ခဲ့သည်။ တိုင်းပြည်ပြုလွှတ်တော် (National Constituent Assembly) ကိုယ်စားလှယ် ၁၃၀ ဦးက Montecristic တွင် ၂၀၀၇ ခုနှစ် နှင့် ၂၀၀၈ ခုနှစ်အကြားတွင် အစည်းအဝေးများပြုလုပ်၍ တွေ့ဆုံခဲ့ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ရေးဆွဲခဲ့ကြသည်။ ယင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တိုင်းပြည်ပြုလွှတ်တော် ကိုယ်စားလှယ် ၉၄ ဦးက သဘောတူ အတည်ပြုခဲ့ကြသည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် အာဏာတည်ခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် Montecristic တွင် ရေးဆွဲခဲ့သောကြောင့် Montecristic ဖွဲ့စည်းပုံအခြေခံဥပဒေဟု ခေါ်ဝေါ်ကြသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခင် ကျင့်သုံးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် အဓိက ကွဲပြားခြားနားသော အဓိကအချက်များ အနက်တစ်ခုမှာ နိုင်ငံတော်ကို အဓိကမဏ္ဍိုင်ကြီး (၅) ရပ်ဖြင့် ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်သည်။ နိုင်ငံတော်ရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာ တို့အပြင် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အာဏာနှင့် နိုင်ငံသားများ၏ အခွင့်အာဏာကို ထည့်သွင်းထားခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၁ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၈ ခုနှစ် နှင့် ၂၀၂၁ ခုနှစ်တို့တွင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

**အာဏာခွဲဝေကျင့်သုံးခြင်း**

၃။ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတက ကျင့်သုံးပြီး ဥပဒေပြုရေးအာဏာကို လွှတ်တော်တစ်ရပ်တည်းရှိသော အမျိုးသားလွှတ်တော် (National Assembly) က ကျင့်သုံးသည်။ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ် နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့က ကျင့်သုံးဆောင်ရွက်သည်။

**ဥပဒေပြုရေး**

၄။ ဥပဒေပြုရေးအာဏာကို အမျိုးသားလွှတ်တော်ကကျင့်သုံးဆောင်ရွက်ပြီး (၄)နှစ်သက်တမ်းကာလအတွက် ရွေးချယ်ထားသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ [၁] အမျိုးသားလွှတ်တော်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည်-

(က) နိုင်ငံတစ်ဝန်းလုံးရှိ စီရင်စုများမှ ရွေးချယ်ထားသော ကိုယ်စားလှယ် ၁၅ ဦး၊

(ခ) နောက်ဆုံး သန်းခေါင်စာရင်းအပေါ် အခြေခံ၍ စီရင်စုတစ်ခုချင်းစီက (၂) ဦးကျစီ ရွေးချယ်ထားသော ကိုယ်စားလှယ်များအပြင် ၎င်းတို့အနက် အခြေချနေထိုင်သူ

[၁] Article 118, Constitution of Ecuador, 2008 through amendment 2021.

၁ သိန်း ၅ သောင်း အထက် သို့မဟုတ် (၂) သိန်းအထိရှိပါက နောက်ထပ် ကိုယ်စားလှယ် (၁) ဦး၊

(ဂ) နိုင်ငံနယ်မြေပြင်ပတွင် နေထိုင်ကြပြီး စီရင်စုများ၊ ခရိုင်အဆင့်မြို့တော်များ နှင့် ခရိုင်အဆင့်များကို ကိုယ်စားပြုသော ကိုယ်စားလှယ်များ။[၂]

၅။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် နိုင်ငံသားဖြစ်ခြင်း၊ ရွေးကောက်ပွဲတွင် အမည်စာရင်းတင်သွင်းသည့်နေ့၌ အသက် (၁၈)နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊ နိုင်ငံရေးအခွင့်အရေးများကို ပိုင်ဆိုင်သူဖြစ်ခြင်းတို့နှင့် ပြည့်စုံရမည်ဖြစ်သည်။[၃] အမျိုးသားလွှတ်တော်သည် မြို့တော်ကွီတိုတွင်ရှိပြီး သီးခြားသတ်မှတ်ချက်မရှိလျှင် ရွေးကောက်ပွဲကျင်းပပြီးနောက် နှစ်တစ်နှစ်၏ မေလ ၁၄ ရက်နေ့တွင် အစည်းအဝေးခေါ်ယူ ကျင်းပရမည်ဖြစ်သည်။ စုံညီအစည်းအဝေးကို ပုံမှန်ကျင်းပရမည်ဖြစ်ပြီး တစ်နှစ်လျှင် (၁၅) ရက် နှစ်ကြိမ်ရပ်နားနိုင်သည်။ အစည်းအဝေးရပ်နားချိန်အတွင်း လွှတ်တော်ကိုယ်စားလှယ်အများစု၏ တောင်းဆိုချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်သမ္မတက အထူးကိစ္စရပ်များအတွက် အထူးအစည်းအဝေး ခေါ်ယူခွင့်ရှိသည်။[၄]

၆။ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ရာခိုင်နှုန်း၊ နိုင်ငံတော်သမ္မတ၊ သက်ဆိုင်ရာ လုပ်ငန်းတာဝန်များအရ အစိုးရအဖွဲ့အစည်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ နိုင်ငံတော်တရားစွဲဆိုရေးရုံး(The Office of the State Prosecutor)၊ ရှေ့နေချုပ်ရုံး( The Attorney General's Office)၊ လူ့အခွင့်အရေးစောင့်ကြပ်သူ (The Office of Human Rights Qmbudsman) ရုံး နှင့် ပြည်သူ့အကျိုးကာကွယ်သည့် ရှေ့နေရုံး (the Office of the Attorney for the Defense of the People) နှင့် နိုင်ငံသားများ[၅]က တင်သွင်းနိုင်သည်။ ထို့အပြင် ယင်းတင်သွင်းခွင့်ရှိသူများက တင်သွင်းသော ဥပဒေကြမ်းများကို ဆွေးနွေးရာတွင် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်များဖြင့်ဖြစ်စေ ဝင်ရောက်ဆွေးနွေးနိုင်ခွင့်ရှိသည်။[၆] နိုင်ငံတော်သမ္မတကသာလျှင် အခွန်စည်းကြပ်ခြင်းနှင့်သက်ဆိုင်သည့် ဥပဒေကြမ်းများ၊ အခွန်အခများကို လျှော့ချခြင်း သို့မဟုတ် ပြင်ဆင်ခြင်း စသည့် ဥပဒေကြမ်းများကို တင်သွင်းခွင့်ရှိသည်။[၇]

---

[၂] Article 118, Constitution of Ecuador, 2008 through amendment 2021.

[၃] Ibid, Article 119.

[၄] Article 123, Constitution of Ecuador, 2008 through amendment 2021.

[၅] ရွေးကောက်ပွဲမှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားသည့် နိုင်ငံသားများ၏ ၀.၂၅ ရာခိုင်နှုန်းရှိသည့် နိုင်ငံသားများ။

[၆] Ibid, Article 134.

[၇] Ibid, Article 135.

၇။ ဥပဒေကြမ်းတစ်ခုကို (၂) ကြိမ် ဆွေးနွေးရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးမည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ လည်းကောင်း၊ ၎င်းဥပဒေကြမ်း၏ အနှစ်ချုပ်ကို အများပြည်သူသိရှိနိုင်ရန် လည်းကောင်း ဖြန့်ဝေရမည်ဖြစ်သည့်အပြင် သက်ဆိုင်ရာ ကော်မတီထံသို့လည်း ပေးပို့ရမည်ဖြစ်သည်။ အတည်ပြုလိုက်သော ဥပဒေကြမ်းတစ်ခုခုအရ အကျိုးရလဒ်တစ်စုံတစ်ရာ ခံစားရမည့် နိုင်ငံသားများ သို့မဟုတ် ဥပဒေကြမ်းအတည်ပြု ပြဋ္ဌာန်းလိုက်ခြင်းကြောင့် အခွင့်အရေးတစ်စုံတစ်ရာ ထိခိုက်နိုင်သည်ဟု ထင်မြင်ယူဆနေသော နိုင်ငံသားများက လွှတ်တော်ကော်မတီထံတွင် ၎င်းတို့၏ ရှင်းလင်းချက်များကို အသေးစိတ် ရှင်းပြခွင့်ရှိသည်။ ယင်းဥပဒေကြမ်းကို အတည်ပြုလိုက်ပါက အမျိုးသားလွှတ်တော်သည် နိုင်ငံတော်သမ္မတထံသို့ ယင်းဥပဒေများ အတည်ပြုပေးနိုင်ရန် သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်အရ ကန့်ကွက်ခြင်းပြုပေးနိုင်ရန် တင်ပြပေးပို့ရမည်။ နိုင်ငံတော်သမ္မတ လက်ခံရရှိပြီး ရက်ပေါင်း ၃၀ အတွင်း အကြောင်းအရာ တစ်စုံတစ်ရာ ကန့်ကွက်ချက်မရှိပါက ယင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းရမည်ဖြစ်ပြီး နိုင်ငံတော်ပြန်တမ်း (Official Register) တွင် ထုတ်ပြန်ကြေညာရမည်ဖြစ်သည်။[၇]

**အုပ်ချုပ်ရေး**

၈။ နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရသူဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ ဖြစ်သည့်အပြင် အုပ်ချုပ်ရေးအကြီးအကဲလည်းဖြစ်သည်။ အုပ်ချုပ်ရေးကဏ္ဍတွင် သမ္မတ၊ ဒုတိယသမ္မတ၊ ဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများနှင့် အဖွဲ့များလည်း ပါဝင်သည်။[၉] နိုင်ငံတော်သမ္မတသည် မွေးရာပါ အီကွေဒေါနိုင်ငံသား၊ ရွေးကောက်ပွဲစာရင်းကောက်ခံသည့်နေ့တွင် အသက် (၃၀) နှစ်ပြည့်ပြီးသူ၊ နိုင်ငံရေးအခွင့်အရေးရရှိပိုင်ဆိုင်သူ ဖြစ်ရမည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် အရည်အချင်းပျက်ယွင်းသော အချက်များနှင့် ငြိစွန်းထားခြင်းမရှိသူတို့ဖြစ်ရမည်။[၁၀]

၉။ နိုင်ငံတော်သမ္မတရာထူးသက်တမ်းသည် (၄) နှစ်ဖြစ်ပြီး နောက်ထပ်တစ်ကြိမ်သာ ထပ်မံရွေးကောက်ခံပိုင်ခွင့်ရှိသည်။ နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းသည် အထွေထွေအစည်းအဝေးကျင်းပပြီးနောက် သမ္မတကျမ်းသစ္စာကျိန်ဆို၍ (၁၀) ရက်အတွင်း စတင်သည်။ အကယ်၍ အမျိုးသားလွှတ်တော်သက်တမ်း ဆက်လက်တည်ရှိနေပါက သမ္မတ၏ သက်တမ်းသည် ရွေးကောက်ပွဲရလဒ် ကြေညာပြီးနောက် ၄၅ ရက်အတွင်း စတင်ဆောင်ရွက်ရမည်။ နိုင်ငံတော်သမ္မတသည် ၎င်း၏ ရာထူးသက်တမ်းကာလတွင်း သို့မဟုတ် ရာထူးမှ အငြိမ်းစားယူပြီး

[၇] Ibid, Article 138.

[၉] Article 141, Constitution of Ecuador, 2008 through amendment 2021.

[၁၀] Ibid, Article 142.

(၁) နှစ် အတွင်း နိုင်ငံတော်မှ ထွက်ခွာမည်ဆိုလျှင် ထွက်ခွာရသည့်အကြောင်းအရင်းနှင့် အချိန်ကာလကို အမျိုးသားလွှတ်တော်ထံသို့ ပေးပို့ရမည်။[၁၁]

၁၀။ နိုင်ငံတော်သမ္မတ၏ လုပ်ငန်းတာဝန်များမှာ-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများနှင့် ၎င်း၏ လုပ်ငန်းတာဝန်အတွင်းကျရောက်သည့် ဥပဒေဆိုင်ရာစည်းမျည်းစည်းကမ်းများကို လေးစား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားလွှတ်တော်ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုချိန်၌ ၎င်း၏ရာထူးသက်တမ်းကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေသော မူဝါဒများကို အခြေခံသည့် လမ်းညွှန်ချက်များနှင့် လုပ်ဆောင်ချက်များကို တင်သွင်းခြင်း၊

(ဂ) အုပ်ချုပ်ရေးကဏ္ဍ၏ အများပြည်သူဆိုင်ရာမူဝါဒများကို သတ်မှတ်၍ ကြီးကြပ်ညွှန်ကြားပေးခြင်း၊

(ဃ) အမျိုးသားစီမံကိန်းကောင်စီထံသို့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး အစီအမံများချမှတ်နိုင်ရေးအတွက် အဆိုပြုလွှာပေးပို့ခြင်း၊

(င) ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော နည်းလမ်းဖြင့် စီမံခန့်ခွဲရေးကို ကြီးကြပ်ညွှန်ကြားပေးခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဥ်း၍ အဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း၊ စည်းမျဥ်းစည်းကမ်းသတ်မှတ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့အတွက် လိုအပ်သော အမိန့်ဒီကရီများ ထုတ်ပြန်ခြင်း၊

(စ) ဝန်ကြီးဌာနများ၊ အဖွဲ့များနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးကို ဖန်တီးခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်းနှင့် ဖျက်သိမ်းခြင်း၊

(ဆ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး အစီအမံနှင့် အစိုးရက နောက်နှစ်အတွက် ရည်မှန်းထားသော ရည်မှန်းချက်များနှင့်အညီ အစီရင်ခံစာကို အမျိုးသားလွှတ်တော်ထံသို့ နှစ်စဉ်ပေးပို့ခြင်း၊

(ဇ) နိုင်ငံတော် ခန့်မှန်းခြေ ဘတ်ဂျက်မူကြမ်းကို ချမှတ်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်ထံသို့ ပေးပို့ခြင်း၊

[၁၁] Article 144, Constitution of Ecuador, 2008 through amendment 2021.

(ဈ) ဝန်ကြီးများနှင့် ၎င်းကိုယ်တိုင်ခန့်အပ်ထားသော အခြားအစိုးရအရာရှိကြီးများကို ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း

(ည) နိုင်ငံခြားရေးမူဝါဒများချမှတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ အတည်ပြု လက်မှတ်ရေးထိုးခြင်းနှင့် သံအမတ်များနှင့် အထူးခန့်အပ်ထားခြင်း ခံရသူများအား ထုတ်ပယ်ခြင်း၊

(ဋ) ဥပဒေမူကြမ်းများ ရေးဆွဲရာတွင် ကနဦးအစ လမ်းဖော်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဌ) အမျိုးသားလွှတ်တော်က အတည်ပြုထားသော ဥပဒေကြမ်းများကို အတည်ပြုခြင်း နှင့် နိုင်ငံတော်ပြန်တမ်းတွင် ကြေညာချက် ထုတ်ပြန်ခြင်း၊

(ဍ) ဥပဒေများ အာဏာတည်စေရန် ယင်းဥပဒေများကို ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ချိုးဖောက်ခြင်းမရှိစေဘဲ လိုအပ်သည့် စည်းမျဉ်းများကို ထုတ်ပြန်ခြင်း အပြင် ခိုင်မာသော စီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်ခြင်းအတွက် လိုအပ်သော စည်းမျဉ်းများသတ်မှတ်ခြင်း၊

(ဎ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့် ကိစ္စရပ်များ အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ကြီးမှူးကျင်းပခြင်း၊

(ဏ) ထူးခြားသော သီးခြားကိစ္စရပ်များအဖြစ်သတ်မှတ်ထားသော ကိစ္စရပ်များအတွက် အထူးအစည်းအဝေးများကို ခေါ်ယူကျင်းပခြင်း၊

(တ) လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးများ ခန့်အပ် တာဝန်ပေးခြင်းနှင့် ၎င်းတပ်ဖွဲ့များ၏ အမြင့်ဆုံးအာဏာပိုင်အဖြစ် ဆောင်ရွက်ခြင်း၊

(ထ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံတော်လွတ်လပ်ရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် နိုင်ငံတော် ကာကွယ်ရေး၏ အမျိုးသားခေါင်းဆောင်အဖြစ် ဆောင်ရွက်ခြင်း နှင့်

(ဒ) ဥပဒေနှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်လျှော့ပေါ့ခွင့်နှင့်ပြစ်ဒဏ်လျှော့ချခွင့် တို့ကို ဆောင်ရွက်ခြင်း[၁၂] တို့ဖြစ်သည်။

[၁၂] Article 147, Constitution of Ecuador, 2008 through amendment 2021.

## တရားစီရင်ရေး

၁၁။ တရားမျှတမှုရရှိရန် ဆောင်ရွက်ပိုင်ခွင့်ရှိသော အခွင့်အာဏာသည် ပြည်သူများထံမှ ဆင်းသက်လာပြီး ၎င်းအာဏာများကို သက်ဆိုင်ရာ တရားရေးကဏ္ဍရှိ အဖွဲ့များက ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များနှင့် အခြားသော အဖွဲ့များက ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ကျင့်သုံးဆောင်ရွက်သည်။[၃၃] နိုင်ငံတော်တရားစီရင်ရေးအာဏာကို တာဝန်ယူ ဆောင်ရွက်ကြသော တရားရုံးများမှာ- နိုင်ငံတော် တရားလွှတ်တော်ချုပ်၊ စီရင်စုဆိုင်ရာ တရားရုံးများ၊ ဥပဒေအရ တည်ထောင်ထားသောမူလတရားရုံးများနှင့် ခုံရုံး၊ ဖျန်ဖြေရေးတရားသူကြီးအဖွဲ့တို့ဖြစ်သည်။ တရားစီရင်ရေးကောင်စီသည် တရားစီရင်ရေးကဏ္ဍ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စောင့်ကြပ်ကြည့်ရှုရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်သည်။[၃၄] နိုင်ငံတော်တရားလွှတ်တော်ချုပ်သည် တရားရေးကဏ္ဍတွင် နိုင်ငံတစ်ဝန်းလုံး၌ တရားစီရင်ရေးဆိုင်ရာ အမြင့်ဆုံးတရားရုံးဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး

၁၂။ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကျင့်သုံးခဲ့သည့် အချိန်ကတည်းက အီကွေဒေါ်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးစနစ်ကို အဓိကထားအသုံးပြုခဲ့သည်။ ကနဦးအစတွင် ယင်းကိစ္စကို ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကာကွယ်ပေးသည့် တရားရုံး (the Court of Constitutional Guarantees) အဖြစ် ခေါ်ဝေါ်သုံးစွဲခဲ့သည်။ နောက်ပိုင်း ၁၉၇၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းကိစ္စဆောင်ရွက်ရာတွင် ယင်းတရားရုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖြစ် ပြောင်းလဲပြင်ဆင်ခဲ့သည်။ ထို့နောက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြင်ဆင်ပြီး နောက်ပိုင်းတွင်မူ ယင်းခုံရုံးကို အကူးအပြောင်းကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖြစ် အစားထိုးခဲ့သည်။

၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့်စပ်လျဉ်း၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၉)၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြီးစိုးလွှမ်းမိုးမှု အခန်း(The Supermacy of the Constitution)၊ အပိုင်း ၂ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ခေါင်းစဉ်ရှိ ပုဒ်မ ၄၂၉ မှ ၄၄၀ အထိ ပုဒ်မပေါင်း (၁၂) ခုကို ပြဋ္ဌာန်း သတ်မှတ်ထားသည်။

၁၄။ အီကွေဒေါ သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် တရားမျှတမှုကို ဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

[၃၃] Article 167, Constitution of Ecuador, 2008 through amendment 2021.

[၃၄] Ibid, Article 178.

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ထိန်းကျောင်းခြင်းတို့တွင် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည်။ ၎င်း၏ စီရင်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြို့တော် ကွီတိုတွင် ရုံးထိုင်သည်။[၁၅]

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဖွဲ့စည်းခြင်း

၁၅။ တရားရုံးကို ဥပဒေနှင့်အညီ စုံညီခုံအဖွဲ့ (Plenary court) နှင့် ခုံအဖွဲ့ (Chamber)တို့တွင် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရွက်ရန်အတွက် တရားသူကြီး ၉ ဦးဖြင့် ဖွဲ့စည်းထားသည်။ တရားသူကြီးများ၏ ရာထူးသက်တမ်းမှာ ၉ နှစ်ဖြစ်ပြီး တစ်စပ်တစ်ဆက်တည်း သက်တမ်းအတွက် ပြန်လည် ရွေးကောက်ခံပိုင်ခွင့်မရှိပေ။ တရားသူကြီး ၃ ပုံ ၂ ပုံကို ၃ နှစ်လျှင် တစ်ကြိမ် ပြန်လည်ရွေးချယ်သည်။[၁၆] တရားရုံးဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို တရားသူကြီးများ အနက်မှ ရွေးချယ်ပြီး ရာထူးသက်တမ်းမှာ (၃) နှစ်ဖြစ်သည်။ တရားရုံး ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရာထူးကို တစ်စပ်တစ်ဆက်တည်း ထပ်မံရွေးချယ်ခံပိုင်ခွင့်မရှိပေ။ တရားရုံးဥက္ကဋ္ဌသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရသည်။[၁၇]

၁၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားသူကြီးများကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် ပွင့်လင်းမြင်သာပြီး လူမှုရေးစောင့်ကြည့်စစ်ဆေးရေး (Transparency and Social Control) ကဏ္ဍတို့က ရွေးချယ်ထားသည့် အဖွဲ့ဝင် ၂ ဦး စီ ပါဝင်သော အရည်အချင်းစစ်ဆေးရေး ကော်မရှင်က စိစစ်ရွေးချယ်သည်။ အထက်ဖော်ပြပါ ကဏ္ဍများမှ တင်ပြလာသော ကိုယ်စားလှယ်များအား သတ်မှတ်ထားသည့် စစ်ဆေးမှုအစီအစဉ်အတိုင်း စိစစ်မေးမြန်းပြီး တရားသူကြီးများကို ရွေးချယ်သည်။[၁၈]

## တရားသူကြီး၏ အရည်အချင်း

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးခန့်အပ်ရန် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ကိုက်ညီရမည်ဖြစ်သည်-

(က) နိုင်ငံရေးအခွင့်အရေးများကို ရရှိပိုင်ဆိုင်ထားသည့် အီကွေဒေါ်နိုင်ငံသားဖြစ်သူ၊

(ခ) နိုင်ငံအတွင်း တရားဝင် အသိအမှတ်ပြုထားသော တက္ကသိုလ်တွင် ဥပဒေပညာဘွဲ့ ရရှိထားသူ၊

---

[၁၅] Article 429. Constitution of Ecuador, 2008 through amendment 2021.

[၁၆] Ibid, Article 432.

[၁၇] Ibid, Article 435.

[၁၈] Ibid, Article 434.

(ဂ) ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော ဥပဒေအရာရှိ၊ တရားသူကြီး သို့မဟုတ် တက္ကသိုလ် နည်းပြအဖြစ် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၁၀ နှစ် ရှိသူ၊

(ဃ) ကျင့်ဝတ်သိက္ခာ သမာဓိဖြင့် ပြည့်စုံသူ၊

(င) လွန်ခဲ့သော ၁၀ နှစ်ကျော်ကတည်းက နိုင်ငံရေးပါတီ၏ အုပ်ချုပ်ရေးဆိုင်ရာဘုတ်အဖွဲ့၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပါတီနိုင်ငံရေးကို ဆောင်ရွက်သူအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်း မပြုလုပ်ခဲ့သူ။[၁၉]

၁၈။ အောက်ဖော်ပြအချက်များနှင့် ငြိစွန်းသူများအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးအဖြစ် ခန့်အပ်ခြင်းမပြုနိုင်ပေ-

(က) လွန်ခဲ့သော ၁၀ နှစ်က နိုင်ငံရေးပါတီဘုတ်အဖွဲ့ဝင် သို့မဟုတ် ပါတီနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ဖူးသူ၊

(ခ) တရားသူကြီးအဖြစ် ခေါ်ယူလျှောက်ထားချိန်တွင် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ဥပဒေရေးရာ ပုဂ္ဂိုလ်အဖြစ်လည်းကောင်း နိုင်ငံတော်နှင့် သဘောတူစာချုပ်ချုပ်ဆိုထားသူ ခွင့်းချက်အားဖြင့် သဘာဝ သယံဇာတ ထုတ်ယူသုံးစွဲခြင်း၊ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြဋ္ဌာန်းချက် သို့မဟုတ် အများပြည်သူဆိုင်ရာ လုပ်ငန်းများကို အတည်ပြုဆောင်ရွက်ခြင်းတို့ ပါဝင်သော သဘောတူညီချက်ကို ဝင်ရောက်ချုပ်ဆိုထားသူ၊

(ဂ) မယားစရိတ် ပေးချေရန် ကြွေးကျန်နေသူ၊

(ဃ) တပ်မတော်နှင့် အမျိုးသားရဲတပ်ဖွဲ့တို့၏ လုပ်ငန်းတာဝန်ကို လက်ရှိတာဝန်ထမ်းဆောင်နေသူ၊

(င) အသက်မွေးဝမ်းကျောင်းပြုမှုအား တားမြစ်ပိတ်ပင်ထားခြင်းခံရသူ၊

(စ) လက်တွေ့အုပ်ချုပ်နေသော အစိုးရ (*de fato*) တွင် အုပ်ချုပ်ရေးအာဏာပိုင်အဖြစ် တာဝန်ထမ်းဆောင်သူ၊

(ဆ) အများပြည်သူဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရဌာနတွင် ဝင်ရောက်ဆောင်ရွက်ရန် တားမြစ်ခြင်းခံထားရသူ၊

---

[၁၉] Article 433, Constitution of Ecuador, 2008 through amendment 2021.

(ဧ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီး သို့မဟုတ် အရည်အချင်း စစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦး၏ ဇနီး/ ခင်ပွန်း သို့မဟုတ် အမျိုး လေးဝမ်းကွဲ တော်စပ်သူ သို့မဟုတ် ဇနီး/ ခင်ပွန်း၏ နှစ်ဝမ်းကွဲတော်စပ်သူ။[၂၀]

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ စီရင်ပိုင်ခွင့်

၁၉။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြေခံဥပဒေဆိုင်ရာ ထိန်းကျောင်းခြင်း၊ တရားစီရင်ရေး ဆိုင်ရာ အာမခံပေးခြင်းတို့၏ အဖွဲ့အစည်းဆိုင်ရာဥပဒေတို့ပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေရေးရာ စံနှုန်းတို့နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အောက်ဖော်ပြပါ ကိစ္စများကို စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်သူ့အာဏာပိုင်များ၏ ဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ဆုံးဖြတ်ခြင်း၊

(ဂ) ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် နိုင်ငံတော်သမ္မတက တင်ပြလာသော ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ တင်ပြချက်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ကြိုတင်စိစစ်ဆောင်ရွက်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ မဖြစ်မနေစိစစ်ဆောင်ရွက်ခြင်း၊

(စ) တရားသူကြီးများက ဆုံးဖြတ်ထားသော အကြံဉာဏ်ရယူသည့်ကိစ္စရပ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ဆောင်ရွက်ခြင်း၊

(ဆ) ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ (အရေးပေါ်ကာလဆိုင်ရာ ကိစ္စရပ်များ) အပေါ် တောင်းဆိုမှုများအား ဖြေရှင်း ဆောင်ရွက်ပေးခြင်း၊

(ဇ) တရားစီရင်ရေးဆိုင်ရာ အာမခံချက်များအတွက် အရေးယူမှုများကို ဖြေရှင်းဆောင် ရွက်ပေးခြင်း၊

(ဈ) ရှေ့တော်သွင်းဆိုင်ရာကိစ္စရပ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ် များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သောအရေးယူ ဆောင်ရွက် ချက်များ သာမက တရားရုံးက ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်သော ရွေးချယ်

---

[၂၀] Article 173, Organic Law of Jurisdictional Guarantees and Constitutional Control, 2009.

ထားသည့်အမှုများ နှင့်စပ်လျဉ်း၍ ဥပဒေသိပ္ပံပညာ တိုးတက်စေနိုင်သော ဆုံးဖြတ်ချက်များကို ထုတ်ပြန်ခြင်း၊

(ည) ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များအကြား လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသော ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်ခြင်း၊

(ဋ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စီရင်ထုံးများ၊ သဘောထားအယူအဆတို့နှင့် ကိုက်ညီခြင်းမရှိသည့်ကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်းနှင့် သတ်မှတ်ထားရှိခြင်း၊

(ဌ) တရားရုံး၏ အခွင့်အာဏာများနှင့်အညီ သက်ဆိုင်သော ကိစ္စရပ်များအပေါ် ဥပဒေမူကြမ်းများ တင်ပြခြင်း၊

(ဍ) လျှို့ဝှက်အဆင့်အတန်း လျှော့ချသတ်မှတ်ထားသော သတ်မှတ်ချက်များကို ဖြေရှင်း ဆောင်ရွက်ပေးခြင်း။[၂၁]

၂၀။ အမှုတစ်မှုကို စစ်ဆေးနေစဉ်အတွင်း တရားသူကြီး တစ်ဦးဦး သို့မဟုတ် အမှုသည်တစ်ဦးဦးက ဥပဒေရေးရာစံနှုန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များအရ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲနေကြောင်း ထင်မြင်ယူဆပါက ယင်းအမှုကို ရပ်ဆိုင်းထား၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ သဘောထားကို ရယူရန်အတွက် ပေးပို့ရမည်။ ယင်းကိစ္စအပေါ် တရားရုံးနေဖြင့် ရက်ပေါင်း ၄၅ ရက်ထက်နောက်မကျစေဘဲ ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်သည်။ အကယ်၍ သတ်မှတ်ရက်အတွင်း တရားရုံးက ဆုံးဖြတ်ချက် မထုတ်ပြန်နိုင်ပါက နစ်နာသူအမှုသည်က ၎င်းနှင့်သက်ဆိုင်သည့် လျှောက်ထားလွှာကို တင်ပြခွင့်ရှိသည်။[၂၂]

**တရားရုံးတရားသူကြီး၏ ရာထူးနေရာ လစ်လပ်ခြင်း**

၂၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် ရာထူးနေရာ လစ်လပ်ခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ရပ်ဆိုင်းခြင်းတို့ ဖြစ်နိုင်သည်-

(က) ရာထူးခန့်အပ်ထားသည့် ကာလ ကုန်ဆုံးသွားခြင်း၊

[၂၁] Article 3, Regulation for the Substance of Competition Processes of the Constitutional Court, 2021.

[၂၂] Article 428, Constitution of Ecuador, 2008 through amendment 2021.

(ခ) သေဆုံးခြင်း၊

(ဂ) စုံညီခုံအဖွဲ့က တရားဝင်နည်းလမ်းတကျ လက်ခံရယူ၍ နုတ်ထွက်ခြင်း၊

(ဃ) အထူးကုသမားတော်ကြီးများ ကော်မတီ၏ အသိအမှတ်ပြုချက်ဖြင့် ၎င်း၏ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရန် ရုပ်ပိုင်းဆိုင်ရာသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာသော်လည်းကောင်း အမြဲတမ်းမစွမ်းဆောင်နိုင်ခြင်း၊

(င) ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အရည်အချင်းမပြည့်မီခြင်း၊

(စ) ထုတ်ပယ်ခံရခြင်း၊

(ဆ) စုံညီခုံအဖွဲ့က တရားမဝင် ရာထူးနေရာ စွန့်လွှတ်ကြောင်း ကြေညာခြင်း။

၂၂။ အထက်ဖော်ပြပါ အကြောင်းအချက်များနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စုံညီခုံအဖွဲ့ ၃ ပုံ ၂ ပုံ ထောက်ခံဆန္ဒမဲဖြင့်သာ ဆုံးဖြတ်ချက် ချမှတ်ရမည် ဖြစ်သည်။[၂၃]

၂၃။ တရားသူကြီးများကို အမျိုးသားလွှတ်တော်က စွပ်စွဲပြစ်တင်ခြင်းမပြုလုပ်နိုင်သကဲ့သို့ ၎င်းတို့ကို ခန့်အပ်ထားသော သက်ဆိုင်ရာ အာဏာပိုင်များကလည်း ထုတ်ပယ်ခြင်းမပြုနိုင်ပေ။[၂၄] သို့သော် တရားသူကြီးများသည် အခြားအာဏာပိုင်များကဲ့သို့ပင် လုပ်ငန်းတာဝန် ထမ်းဆောင်မှုကြောင့် ပျက်ကွက်မှု သို့မဟုတ် လုပ်ဆောင်မှုတို့အပေါ် ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိသည်။ ထို့အပြင် တရားမနစ်နာမှုမှလွဲ၍ ပြစ်မှုကြောင်းအရ စွဲဆိုမှုများကို ရှေ့နေချုပ်က တရားစွဲဆိုပြီး တရားလွှတ်တော်ချုပ် စုံညီခုံအဖွဲ့က စစ်ဆေးစီရင်ရမည်ဖြစ်သည်။[၂၅]

## တရားသူကြီးများ စုံညီခုံအဖွဲ့

၂၄။ တရားသူကြီးများ စုံညီခုံအဖွဲ့သည် တရားသူကြီးအားလုံးတက်ရောက်ရသော အစည်းအဝေးဖြစ်သည်။ ယင်းအစည်းအဝေးတွင် တရားရုံး ဥက္ကဋ္ဌက ဦးဆောင်ကျင်းပရမည် ဖြစ်သည်။ ၎င်း မတက်ရောက်နိုင်ပါက ဒုတိယ ဥက္ကဋ္ဌက အစားထိုး ဦးဆောင်ရသည်။ တရားရုံး၏ အထွေထွေအတွင်းရေးမှူးသည် စုံညီခုံအဖွဲ့၏ အတွင်းရေးမှူးလည်း ဖြစ်သည်။[၂၆]

၂၅။ စုံညီခုံအဖွဲ့သို့ တရားသူကြီးသည် ၅ ဦးတက်ရောက်ပါက အစည်းအဝေး အထမြောက်မည်ဖြစ်သည်။ တရားသူကြီး ၃ ပုံ ၂ ပုံ ထောက်ခံဆန္ဒမဲ ရရှိရမည့် ကိစ္စ သို့မဟုတ် တရားသူကြီးအား

[၂၃] Article 185, Organic Law of Jurisdictional Guarantees and Constitutional Control, 2009.

[၂၄] Ibid. Article 186 (1).

[၂၅] Article 431, Constitution of Ecuador, 2008 through amendment 2021.

[၂၆] Article 189, Organic Law of Jurisdictional Guarantees and Constitutional Control, 2009.

ထုတ်ပယ်ခြင်း ကိစ္စမှလွဲ၍ တရားရုံးတရားသူကြီး အနည်းဆုံး ၅ ဦး ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။[၂၇]

**တရားသူကြီးများ စုံညီခုံအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးများ စုံညီခုံအဖွဲ့သည် အောက်ပါ ကိစ္စရပ်များကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(က) တရားရုံး ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့ကို တရားရုံး တရားသူကြီးများ၏ အနည်းဆုံး တရားသူကြီး ၅ ဦး၏ ထောက်ခံဆန္ဒမဲဖြင့် ရွေးချယ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ထိန်းကျောင်းခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဂ) ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ရေးအဖွဲ့၊ ရွေးချယ်ရေးအဖွဲ့နှင့် ပြန်လည်စိစစ်ရေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်း၊

(ဃ) တရားရုံးဥက္ကဋ္ဌ၏ အဆိုပြု ကိုယ်စားလှယ်လောင်းများအရ အထွေထွေအတွင်းရေးမှူးချုပ်၊ တရားစီရင်ရေးဆိုင်ရာအထွေထွေအတွင်းရေးမှူးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အထွေထွေအတွင်းရေးမှူး တို့ကို ခန့်အပ်ခြင်း၊

(င) တရားရုံးတရားသူကြီးများ၏ မဖြစ်မနေ လုပ်ဆောင်ရမည့် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ခြင်း၊

(စ) တရားရုံးဥက္ကဋ္ဌက တင်ပြလာသော စီမံကိန်းအရ ဘတ်ဂျက်ကို အတည်ပြုခြင်း၊

(ဆ) ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးတရားသူကြီးများ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းများနှင့် တားမြစ်ချက်များကို ဆောင်ရွက်ခြင်း၊

(ဇ) တရားရုံး၏ လိုအပ်သော လုပ်ငန်းတာဝန်များကို ဆုံးဖြတ်ချက်များမှတစ်ဆင့် အဖွဲ့အစည်းဆိုင်ရာ ရုံးတွင်းစည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ပြင်ဆင်ခြင်း၊

[၂၇] Article 190, Organic Law of Jurisdictional Guarantees and Constitutional Control, 2009.

(ဈ) တရားရုံး၏ လုပ်ငန်းတာဝန်အတွင်းကျရောက်သော ဥပဒေကြမ်းများကို အမျိုးသား လွှတ်တော်သို့ မတင်သွင်းမီ ကြိုတင်ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၃၆၊ အပိုဒ်ခွဲ ၁၀၂[၈]တွင် ဖော်ပြထားသော စည်းမျဉ်း စည်းကမ်းဆိုင်ရာ အခွင့်အာဏာ များကို ကျင့်သုံးခြင်း၊

(ည) ဥပဒေ၊ ရုံးတွင်းစည်းမျဉ်းစည်းကမ်းများနှင့် အခြားအဖွဲ့အစည်းများကို ထိခိုက်မှုမရှိ စေသော အခြားကိစ္စရပ်များ။

## တရားရုံး၏ ဆုံးဖြတ်ချက်အကျိုးသက်ရောက်မှု

၂၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစွဲဆိုခြင်းကို နိုင်ငံသားများက တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တင်သွင်းနိုင်သည်။[၂၉] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ထုံးများသည် အပြီးအပြတ်ဖြစ်ပြီး နောက်ထပ်အယူခံပိုင်ခွင့်မရှိပေ။[၃၀] တရားသူကြီးများက ချမှတ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် စီရင်ထုံးများကို လိုက်နာမှုမရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တရားစွဲဆိုအရေး ယူနိုင်သည်။

## နိဂုံး

၂၈။ အီကွေဒေါ သမ္မတနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့် များကို အလေးထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံတော်ကို မဏ္ဍိုင်ကြီး (၅) ဖြင့် ဖွဲ့စည်း တည်ထောင်ပြီး နိုင်ငံသားများဖြစ်ကြသော တိုင်းရင်းမျိုးနွယ်များ၏ အခွင့်အရေးများကို အလေး ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ကြီးစိုးလွှမ်းမိုးမှုကိုလည်း အလေးထားသည့်အနေဖြင့် သီးခြားအခန်းတစ်ခန်းဖော်ပြလျက် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံးအကြောင်းကို ထည့်သွင်းဖော်ပြထားသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အနက် အဓိပ္ပာယ်ဖွင့်ဆိုရမည့် အခြေခံမူများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းတို့ကိုလည်း အဆိုပါ အခန်းတွင် ဖော်ပြထားသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေ

[၂၈] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစံနှုန်းများနှင့်အညီ နိုင်ငံတော်အဖွဲ့အစည်းများ သို့မဟုတ် အာဏာပိုင်များက သင့်တော်သည့်အချိန်ကာလအတွင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လေးစားလိုက်နာရန် ပျက်ကွက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ယင်းကိစ္စကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ကြေညာရမည်၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းမရှိပါက တရားရုံးအနေဖြင့် ဥပဒေနှင့်အညီ လေးစားလိုက်နာရန်အတွက် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ရမည်။

[၂၉] Article 439, Organic Law of Jurisdictional Guarantees and Constitutional Control, 2009.

[၃၀] Ibid, Article 440.

ဆိုင်ရာတရားရုံး ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်သော်လည်း ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကတည်းက ကျင့်သုံးဆောင်ရွက်နေကြောင်းကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးတို့သည်လည်း သီးသန့်ဆောင်ရွက်သည့်အတွက် သီးခြားလွတ်လပ်စွာ ရပ်တည်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ တရားသူကြီးများကို ရွေးချယ်ရာတွင်မူ သက်ဆိုင်ရာကဏ္ဍမှ ၂ ဦးကျစီပါဝင်သော အရည်အချင်းရွေးချယ်ရေးအဖွဲ့က တရားသူကြီးများကို စိစစ်ရွေးချယ်ကြောင်း၊ တရားသူကြီးများကို ထပ်မံရွေးချယ်ပိုင်ခွင့်တွင်မူ တစ်ဆက်တစ်စပ်တည်း ထပ်မံရွေးကောက်ခံပိုင်ခွင့်မရှိကြောင်းတို့ကို အတိအလင်းဖော်ပြထားကြောင်း လေ့လာတွေ့ရှိရသဖြင့် အခြားနိုင်ငံများနှင့် တူညီမှုမရှိဘဲ ထူးခြားစွာတည်ရှိနေကြောင်း တင်ပြအပ်ပါသည်။

## ရည်ညွှန်းကိုးကားချက်များ


၁။ မြန်မာစွယ်စုံကျမ်း၊ စာပေဗိမာန်၏ ရုပ်ပြဗဟုသုတဘဏ်၊ အတွဲ (၁၅)၊ မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း၊ ရန်ကုန်။

၂။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်၊ အတွဲ (၃)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ၂၀၂၁။

၃။ Constitution of Ecuador 2008 through amendment 2021.

၄။ Regulation for the Substance of Competition Processes of the Constitutional Court, 2021.

၅။ Organic Law of Jurisdictional Guarantees and Constitutional Control, 2009.

၆။ www.wikipedia.com.